# နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇ ။)

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက လက်ခံထားသော နိုင်ငံတကာအကျိုးစီးပွားနှင့် သက်ဆိုင်သည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများဆိုင်ရာ ကွန်ဗင်းရှင်း (Cape Town Convention) နှင့် ယင်းကွန်ဗင်းရှင်း (Convention) ၏ နောက်ဆက်တွဲ လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ ပရိုတိုကောလ် (Cape Town Protocol) တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာ ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ကွန်ဗင်းရှင်း** (Convention) ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူအတည်ပြုပြဋ္ဌာန်းသည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ကွန်ဗင်းရှင်း (Convention) ကို ဆိုသည်။

(ခ) **ပရိုတိုကောလ်** (Protocol) ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) ၏ လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပရိုတိုကောလ် (Protocol) ကို ဆိုသည်။

(ဂ) **ပထမဇယား** ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ပထမ ဇယားအဖြစ် အသေးစိတ်ဖော်ပြထားသည့် ဇယားကို ဆိုသည်။

(ဃ) **ဒုတိယဇယား** ဆိုသည်မှာ ပရိုတိုကောလ် (Protocol) ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ဒုတိယဇယားအဖြစ် အသေးစိတ် ဖော်ပြထားသည့် ဇယားကို ဆိုသည်။

(င) **ကြေညာချက်** ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) အရ ဖြစ်စေ၊ ပရိုတိုကောလ် (Protocol) အရ ဖြစ်စေ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြုလုပ်သော ကြေညာချက်ကို ဆိုသည်။

(စ) **လေယာဉ်ပစ္စည်းကိရိယာများ** ဆိုသည်မှာ ပရိုတိုကောလ် (Protocol) ၏ Article I (2)(c) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း လေယာဉ်ကိုယ်ထည်များ၊ လေယာဉ်အင်ဂျင်များနှင့်ရဟတ်ယာဉ်များကို ဆိုသည်။

(ဆ) **တရားရုံး** ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) Article 1(h) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် အလို့ငှာ ကွန်ဗင်းရှင်း (Convention) Article 13 ပါ သက်သာခွင့်များ တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းသော တရားရုံးတစ်ခုခုကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်သည့် အနုညာတခုံသမာဓိရုံးတစ်ခုခုကို သော်လည်းကောင်း ဆိုသည်။

(ဇ) **ကြွေးမြီရှင်** ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) Article 1(i) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေးအာမခံချက် သဘောတူညီချက်အရ ကြွေးမြီရပိုင်ခွင့်ရှိသူကို သော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ရောင်းချသူကို သော်လည်းကောင်း၊ အငှားစာချုပ်အရ ငှားရမ်းသူကို သော်လည်းကောင်းဆိုသည်။

(ဈ) **ကြွေးမြီပေးဆပ်ရမည့်သူ** ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) Article 1(j) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေးအာမခံချက် သဘောတူညီချက်အရ ကြွေးမြီပေးဆပ်ရမည့်သူကို သော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ဝယ်ယူသူကို သော်လည်းကောင်း၊ အငှားစာချုပ်အရ အငှားယူသူကို သော်လည်းကောင်း၊ မှတ်ပုံတင်နိုင်သည့် သဘောမတူသော အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားဖြင့် ပစ္စည်းတစ်ခုခုတွင် အကျိုးအမြတ် ပေးဆပ်ရန် တာဝန်ရှိသောသူကို သော်လည်းကောင်းဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) Article 17(1) အရ ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲ နိုင်ရန် ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့ကိုဆိုသည်။

(ဌ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) Article 17(2) အရ ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်တာဝန်ပေးခြင်းခံရသောအရာရှိကို ဆိုသည်။

## အခန်း (၂)

## ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ ဥပဒေအာဏာ သက်ရောက်ခြင်း

၃။ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကွန်ဗင်းရှင်း (Convention) သို့မဟုတ် ပရိုတိုကောလ် (Protocol) နှင့်အညီ ပြုလုပ်ထားသည့် ပုဒ်မ ၄ ပါ ကြေညာချက်များအရ ပထမဇယားဖြင့် ဖော်ပြထားသော ကွန်ဗင်းရှင်း (Convention) ပါ ပြဋ္ဌာန်းချက်များနှင့်

ဒုတိယဇယားဖြင့် ဖော်ပြထားသော ပရိုတိုကောလ် (Protocol) ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာသက်ရောက်စေရမည်။

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် -

(က) ကွန်ဗင်းရှင်း (Convention) ကို ဖြစ်စေ၊ ပရိုတိုကောလ် (Protocol) ကို ဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံသည့်အချိန်တွင် ထိုကွန်ဗင်းရှင်း (Convention) သို့မဟုတ် ပရိုတိုကောလ် (Protocol) ပါ ပြဋ္ဌာန်းချက်များ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော ကြေညာချက်များ ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော နောက်ဆက်တွဲ ကြေညာချက်များ ထုတ်ပြန်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ကြေညာချက်များကို ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၃)

## ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်အရာရှိ ခန့်အပ်ခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ကွန်ဗင်းရှင်း (Convention) နှင့်ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်စေလျက် အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို ထည့်သွင်းသတ်မှတ်၍ ဖွဲ့စည်းရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့်တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့၌ ပါရှိသော -

(က) တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

(ခ) မှတ်ပုံတင်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနမှ သင့်လျော်သော အရာရှိတစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့် မှတ်ပုံတင်အရာရှိတို့သည် ကွန်ဗင်းရှင်း (Convention) နှင့်ပရိုတိုကောလ် (Protocol) တို့ပါ အထူးအခွင့်အရေးနှင့် ကင်းလွတ်သက်သာခွင့်များကို ခံစားခွင့်ရှိစေရမည်။

## အခန်း (၄)

## အထွေထွေ

၈။ တည်ဆဲဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပထမဇယားနှင့်ဒုတိယဇယားတို့၌ ဖော်ပြထားသော ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သမျှ ဤဥပဒေ အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၉။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများကို ဖြစ်စေ၊ အပေါင်အနှံပြုလုပ်ခြင်း သို့မဟုတ် ကြွေးမြီတာဝန်ရှိခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ အပေါင်အနှံပြုလုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် မှတ်ပုံတင်ခြင်း ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၁၀။ သက်ဆိုင်ရာတရားရုံးသည် ကြွေးမြီရှင်ကကြွေးမြီပေးဆပ်ရမည့်သူအပေါ် သက်သာခွင့်တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် လူမွဲအဖြစ်ခံယူခြင်းအက်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကြွေးမြီပေးဆပ်ရမည့်သူက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဖြစ်စေ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံရသည့်အခါတွင် ဖြစ်စေ ဤဥပဒေပါ ကွန်ဗင်းရှင်း (Convention) နှင့်ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

၁၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့်ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်